**မလေးရှား - လူကုန်ကူးခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဌာန၏ ထိန်းသိမ်းရေးစခန်းများတွင် သေဆုံးခြင်းများကို စုံစမ်းစစ်ဆေးရန်**

လူကုန်ကူးသူများကို တရားစွဲဆိုရန်၊ ဒုက္ခသည်များ ၊ ရွှေ့ပြောင်းလုပ်သားများ ကို အချိန်ကြာမြင့်စွာ ဖမ်းဆီးချုပ်နှောင်ထားခြင်းကို အဆုံးသတ်ရန်။

(ကွာလာလမ်ပူမြို့၊ ဧပြီလ ၄ရက်၊ ၂၀၁၇) - မလေးရှားနိုင်ငံ၏ အစိုးရအနေဖြင့် မြန်မာနိုင်ငံမှ ရိုဟင်ဂျာမွတ်ဆလင်များနှင့် ဘင်္ဂလားဒေရှ် နိုင်ငံသားများအား လတ်တလောနှစ်များအတွင်းလူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် သေဆုံးခြင်းများနှင့် လူကုန်ကူးခံရခြင်းများ အတွက် စုံစမ်းစစ်ဆေးမှုများကိုနှောင့်နှေးမှုမရှိဘဲ ပြန်လည်ပြုလုပ်ရန် Fortify Rights မှ ယနေ့ ပြောကြားလိုက်သည်။ လက်ရှိလုပ်ဆောင်နေသည့် စုံစမ်းစစ်ဆေးမှုများအရ မလေးရှားလူဝင်မှုကြီးကြပ်ရေးဌာန၏ထိန်းသိမ်းရေးစခန်းများ၏ ဆိုးရွားသည့်အခြေအနေများနှင့်စစ်ဆေးမှုမပြုလုပ်ရသေးသည့်၂၀၁၃ခုနှစ်မှ၂၀၁၅ခုနှစ်များအတွင်း ရိုဟင်ဂျာများနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများအား လူကုန်ကူးခြင်းကို Fortify Rights မှမှတ်တမ်းတင်ထားခဲ့ပါသည်။

မလေးရှားနိုင်ငံ၏ လူ့အခွင့်အရေးကော်မရှင်ဖြစ်ပြီး- Suruhanjaya Hak Asasi Manusia Malaysia (SUHAKAM) - ဟုလည်းခေါ်သည့် အဖွဲ့အစည်း၏နှစ်ပတ်လည်အစီရင်ခံစာတွင် ၂၀၁၅နှင့် ၂၀၁၆ခုနှစ်များအတွင်း မလေးရှားနိုင်ငံ၏လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် စုစုပေါင်း နိုင်ငံခြားသား ၁၁၈ဦးသေဆုံးခဲ့သည်ဟု ရှာဖွေတွေ့ရှိရပါသည်။

“SUHAKAM” ရဲ့ အစီရင်ခံစာကို မလေးရှားအစိုးရဆီ တုန်လှုပ်ခြောက်ခြားစေမယ့်ရိုက်ခက်မှုမျိုးနဲ့ ပို့ရမယ် ပြီးတော့ ရလာတဲ့ သတင်းအချက်အလက်တွေကို ချက်ချင်းတုံ့ပြန်ပေးရမယ်”ဟု Fortify Rights ၏ ညွှန်ကြားရေးမှူးဒါရိုက်တာမှပြောကြားခဲ့ပါသည်။

SUHAKAM၏ အစီရင်ခံချက်တွင် ၂၀၁၅ခုနှစ်၌ လူ၈၃ဦးသေဆုံးခဲ့ပြီး၊ အခြား၃၅ဦးမှာ ဒီဇင်ဘာလ ၂၀ရက် ၂၀၁၆ အထိအချိန်တွင်သေဆုံးခဲ့ပါသည်။ ပြောပြချက်များမှသိရှိရသော သေဆုံးရသည့်အကြောင်းအရင်းများ သွေးဆိပ်တက်ခြင်း (သို့) သွေးလန့်ခြင်း ၊ မသန့်ရှင်းသည့်ရေမှ တဆင့်ကူးဆက်သည့် ရောဂါ leptospirosis -ကူးစက်တတ်သည့်ဘက်တီးရီးယားအမျိုးအစား၊ အဆုတ် ရောင်ရောဂါ၊ အဆုတ်ကူးစက်ရောဂါများနှင့် နှလုံးနှင့်စပ်ဆိုင်သည့်ရောဂါအခြေအနေများဖြစ်သည်။ တိုင်ကြားသိရှိခဲ့ရသည့် သေဆုံးမှု ၅၀ တွင် အစိုးရအာဏာပိုင်များအနေဖြင့် သေဆုံးရခြင်း၏အကြောင်းအရင်းအတိအကျကို ဖော်ပြပေးနိုင်ခြင်းမရှိခဲ့ပါ။

Fortify Rightsမှ မလေးရှားနိုင်ငံ၏ အစိုးရအာဏာပိုင်များအား လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများရှိ သေဆုံးမှုများ ကို ပြစ်မှုကျူးလွန်ခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို မည်သည့် ရာထူး (သို့မဟုတ်) အဆင့်ကိုမဆို ကျူးလွန်မှုများ အတွက် တာဝန်ခံစေရန် တိုက်တွန်းတောင်းဆိုလိုက်ပါသည်။

“ဒီသေဆုံးမှုတွေကို ဖုံးကွယ်ထားလို့မရဘူး”ဟု Amy Smith မှပြောခဲ့ပါသည်။ “ဒီအတွက် တာဝန်ယူခိုင်းဖို့ တာဝန်ရှိတယ်”

Fortify Rights မှ မေးမြန်းခဲ့သည့်ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရသူ အကျဉ်းသားတဦးမှ မလေးရှားအစိုးရအာဏာပိုင်များသည် သူတို့အား လူပြည့်ကျပ်နေသည့်အဆောက်အအုံများထဲတွင်အချိန်ကြာမြင့်စွာချုပ်နှောင်ထားပြီး သန့်ရှင်းသည့်သောက်သုံးရေ၊ အစားအသောက်(သို့မဟုတ်) ကျန်းမာရေး အထောက်အပံ့များ လုံလောက်စွာမရရှိခဲ့ခြင်းအကြောင်းများကို ပြောပြခဲ့ပါသည်။ ယခင်က ဖမ်းဆီးခံခဲ့ရသူ မြန်မာနိုင်ငံသားတဦး - ကချင်တိုင်းရင်းသာ ၂၂နှစ် - မှ Fortify Rights အား “မနက်စာစားတဲ့ အခါ အစောင့်တွေက ကျွန်တော်တို့ကို ပန်းရောင်ထွက်နေတဲ့ရေကိုသောက်ခိုင်းတယ်။ တခြားအချိန်တွေမှာ ရေလိုချင်ရင် အိမ်သာထဲကရေကိုဘဲ သောက်ရတယ်”

မလေးရှား လူဝင်မှုကြီးကြပ်ရေးဌာနမှ အကျဉ်းသားများသည် အကျဉ်းထောင်များသို့ဦးစွာ ရောဂါဘယများယူဆောင်လာခဲ့ခြင်းဖြစ်သည်ဟု ယုံနိုင်ဖွယ်မရှိသော ဖြေရှင်းချက်ကို အခိုင်အမာပြောဆိုခဲ့ပါသည်။

SUHAKAM၏ အစီရင်ခံချက်တွင်ပါရှိသည့် သန့်ရှင်းသောရေမရရှိခြင်းသည် မလေးရှားနိုင်ငံလူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေး စခန်း၏ ပြဿနာတခုဖြစ်ပြီး တားဆီးနိုင်သည့် ရောဂါများပြန့်ပွားစေသည့်အကြောင်းအရင်းလည်းဖြစ်သည်ကို အတည်ပြုနိုင်ပါ

သည်။ ထိုအစီရင်ခံစာထဲတွင် “အထောက်အကူမပြုသောနေထိုင်မှုစနစ်အခြေအနေများက အကျဉ်းသားများ၏အခြေခံဂုဏ်သိက္ခာအတွက်အနည်းငယ်သာထောက်ထားခြင်းဖြစ်ကြောင်းပေါ်လွင်စေပါသည်” SUHAKAMမှ လူ့ဝင်မှုကြီးကြပ်ရေးဌာနသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးတွဲအလုပ်လုပ်၍ “ထိန်းသိမ်းရေးစခန်းများသို့ လုံလောက်သည့် ကျန်းမာရေးအထောက်အကူများဖြစ်သည့် ဆေးဝါးများနှင့် ဆေးဖက်ဆိုင်ရာအရာရှိတဦးဦးအား လူ့ဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထားရှိပေးနိုင်ရန်သေချာစွာ လုပ်ဆောင်ရမည်”

ယခင်ကလူ့ဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းတွင်ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရဖူးသည့်အကျဉ်းသားတဦးမှအကျဉ်းထောင်အစောင့်များသည် သူတို့အား ထိုးနက်ခြင်း နှင့် ခန္ဓာပိုင်းဆိုင်ရာနှိပ်စက်ညှင်းပန်းမှုများပြုလုပ်ခဲ့သည်ဟုပြောပြခဲ့ပါသည်။ ဥပမာအားဖြင့် အသက်၁၉နှစ်အရွယ် ရိုဟင်ဂျာ အမျိုးသမီးတဦးသည် အဆုတ်ရောဂါရှိနေကြောင်းသိရှိရသည့်အချိန် “ကျွန်မဆေးတောင်းတဲ့အခါကျွန်မကို အစောင့်တွေကမကြာ ခဏရိုက်တယ်။ ဆရာဝန်နဲ့တွေ့ချင်တယ်လို့ပြောရင် အစောင့်တွေက ကျွန်မလက်ကို ခေါင်းပေါ်တင်ပြီး တနေ့လုံးလက်ထိပ်ခတ်ထားတယ်”

ကာကွယ်ဝန်ကြီး Minister Datuk Nur Jazlan Mohamed မှ သတင်းဌာနတခုသို့ ပြောပြသောအခါ လူ့ဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် လူများပြည့်လျှံနေခြင်း နှင့် ဆိုးရွားသည့် အခြေအနေများအပြင် “လုပ်ငန်းစဉ်နည်းလမ်းများ၊ ကျန်းမာရေးအခြအနေများ နှင့် ဤအခြေအနေများကို စီမံခန့်ခွဲ သည့်အပိုင်းများတွင်” ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရန်လိုအပ်ကြောင်း ဝန်ခံခဲ့သော်လည်း “ဘဏ္ဍာရေး အကြပ်အတည်း” သည်လည်းပြဿနာတခုဖြစ်ကြောင်းကို ကိုးကားဖော်ပြခဲ့ပါသည်။

“မလေးရှားလူ့ဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းတွေလုပ်ဆောင်ကျင့်သုံးတဲ့နည်းလမ်းပြဿနာတွေကဘဏ္ဍာရေးအကြပ်အတည်းစိုးရိမ်စရာထက်ပိုပြီးစိုးရိမ်စရာတွေရှိတယ်”ဟု Amy Smith မှပြောခဲ့ပါသည်။ “မလေးရှားအစိုးရအာဏာပိုင်တွေအနေတဲ့ဒီအခြေအနေတွေကိုဒုက္ခသည်တွေနဲ့ လူကုန်ကူးခံရတဲ့အခြေအနေကနေလွတ်လာတဲ့သူတွေအပါအဝင်ရွှေ့ပြောင်းလုပ်သားတွေကို တဖက်သတ် အကန့်အသတ်မရှိဖမ်းချုပ်ထားတာတွေကို အဆုံးသတ်တဲ့ ပုံစံနဲ့ ကိုင်တွယ်နိုင်တယ်”

နိုင်ငံသား မဟုတ်သူများအပါအဝင် အားလုံးကို တဖတ်သတ်ဆန်ခြင်း၊ တရားမဝင်ခြင်း (သို ့) အကန့်အသတ်မရှိဖမ်းဆီးချုပ်နှောင် ခြင်းစသည့်အချက်များကို အပြည်ပြည်ဆိုင်ရာဥပဒေဖြင့်တားမြစ်ထားပါသည်။ တဦးတယောက်ချင်းစီမှ စိုးရိမ်ပူပန်ခြင်းကြောင့် တင်ပြလာသည့် ချွင်းချက်အမှုများကို အသေးစိတ်စုံစမ်းစစ်ဆေးခြင်းမှအပ နိုင်ငံတနိုင်ငံအနေဖြင့် ရွှေ့ပြောင်းလုပ်သားများ၏ လွတ်လပ်စွာသွားလာခွင့်ကို တားမြစ်ခြင်းတခုကိုသာလုပ်ဆောင်နိုင်ပါသည်။ တရားဥပဒေအရ ထိန်းသိမ်းရေးစခန်းများသည် တရားဝင်ရည်ရွယ်ချက်များကို လုပ်ဆောင်ရန်အတွက်လိုအပ်ချက်များနှင့် အချိုးအစားညီမျှစွာ လုပ်ဆောင်ရန်လိုအပ်ပါသည်။ မလေးရှားအနေဖြင့်လည်း လူ့ဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများအတွင်း ဆက်ဆံမှုပုံစံနှင့် အခြေအနေများသည် နိုင်ငံတကာမှသတ်မှတ်ထားသည့် စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်သေချာစွာလုပ်ဆောင်ရမည်ဖြစ်သည်။ ထိုစံချိန်စံနှုန်းများထဲတွင် အခြေခံလိုအပ် ချက်များဖြစ်သည့် သန့်ရှင်းသောသောက်သုံးရေ၊ လုံလောက်သည့် အဟာရရှိသော အစားအသောက်များနှင့် သင့်တော်သည့် ဆေးဝါးကုသမှု များပါဝင်ပါသည်။

လွန်ခဲ့သော၂နှစ်အတွင်း မလေးရှားလူ့ဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင်သေဆုံးခဲ့သူများ၏ထက်ဝက်ကျော်သည် မြန်မာနိုင်ငံမှရိုဟင်ဂျာမွတ်ဆလင်များနှင့်အခြားသောတိုင်းရင်းသားများ၊ မြန်မာအာဏာပိုင်များ၏ဘာသာရေးအရဖိနှိပ်ချုပ်ချယ်မှုကြောင့် ထွက်ပြေးလာသည့် လူနည်းစုများဖြစ်ပါသည်။ ထိုမှုမက မလေးရှားလူ့ဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ၂၀၁၅ခုနှစ်အတွင်း လူ၈၂ဦးသေဆုံးခဲ့ပြီး ထိုနှစ်ထဲတွင်ပင် ထိုင်းနိုင်ငံကို ဖြတ်၍ မလေးရှားနိုင်ငံသို့ ရိုဟင်ဂျာများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား လူကုန်ကူးခြင်းလည်း ဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် Fortify Rights နှင့် UK တွင်အခြေချသည့် Rohingya အဖွဲ့အစည်းတို့မှပူးပေါင်း၍ မလေးရှားနိုင်ငံအတွင် ရိုဟင်ဂျာဒုက္ခသည်များအား အကန့်အသတ်မရှိ ဖမ်းဆီးချုပ်နှောင်ထားခြင်း၏ အန္တရာယ်များနှင့် အချိန်ကြာမြင့်စွာ အကျဉ်းချထား ခြင်းတို့ကိုမှတ်တမ်းတင်ခဲ့ပါသည်။ မလေးရှားအစိုးရ အာဏာပိုင်များသည် လူကုန်ကူးသူများမှ ပင်လယ်ထဲတွင် လှေများဖြင့်စွန့်ပစ်ထားခဲ့သည့် လူကုန်ကူးခံရခြင်းမှလွတ်မြောက်လာသူ ရိုဟင်ဂျာရာပေါင်းများစွာကို

မလေးရှားနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုခဲ့ပါသည်။ ထို ့နောက် မလေးရှားအစိုးရအာဏာပိုင်များမှ ထိုလွတ်မြောက်လာသူများကို ဖမ်းဆီးချုပ်နှောင်ခဲ့ပါသည်။

"လေ့ကပ်ဆိုက်"ခြင်းမှ လွတ်မြောက်လာသူများဖြစ်ပြီးမလေးရှားနိုင်ငံဘလန်တစ်လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းတွင် ဖမ်းချုပ်ခံထားရသူရိုဟင်ဂျာအမျိုးသမီးများ၏ပြောပြချက်အရ ဘလန်တစ်လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းထဲတွင် အကျဉ်းချခံခဲ့ရသူတဦးသည် အဆုတ်ရောဂါဖြစ်နေသော်လည်း အစောင့်များမှဆရာဝန်နှင့်တွေ့ဆုံကုသခွင့်ပေးရန်ငြင်းဆိုခဲ့ခြင်းကြောင့် သေဆုံးခဲ့ရကြောင်း Fortify Rights သို့ ပြောပြခဲ့ပါသည်။

ပြစ်မှုကျူးလွန်ခြင်းမြောက်သည့် လူကုန်ကူးခြင်းပြုလုပ်ပေးနေသော အဖွဲ့ များမှ ထောင်ပေါင်းများစွာသောရိုဟင်ဂျာ မွတ်ဆလင်များကို ၂၀၁၂ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ ပို့ဆောင်ပေးခဲ့ပါသည်။ Wang Kelian အနီး ထိုင်းနယ်စပ်တွင် အစုလိုက်အပြုံလိုက်မြှုပ်နှံခြင်းခံရသော လူပေါင်း၁၀၀ကျော်သည် လူကုန်ကူးခြင်းခံခဲ့ရသူများဟု သံသံသယဖြစ်ဖွယ် တွေ့ ရှိရ သော်လည်း မလေးရှားအစိုးရ၏ စုံစမ်းထောက်လှမ်းချက်များသည် သတိပြုမိစေလောက်သည့် တာဝန်ယူမှုမျိုးမရှိကြောင်း တွေ့ ရှိရပါသည်။ SUHAKAM၏ မှတ်ချက်များအရ မလေးရှားအစိုးရ၏ အစုလိုက်အပြုံလိုက် မြှုပ်နှံခြင်းကို ပြုလုပ်ခဲ့သည့် လူကုန်ကူး သူများအားတရားဥပဒေအရကိုင်တွယ်ခြင်းတွင် အစိုးရအာဏာပိုင် အရာရှိများမပါရှိခဲ့ဘဲ "ယုံကြည်နိုင်ဖွယ်မရှိ" ဟုမှတ်ချက်ချခဲ့ပါသည်။

SUHAKAMသည် မြန်မာနိုင်ငံမှ မလေးရှားသို ရိုဟင်ဂျာမွတ်ဆလင်များနှင့် အခြားသူများအား လူကုန်ကူးခြင်းအပေါ် စံ စုံစမ်းထောက် လှမ်းခြင်းများပြုလုပ်နေပါသည်။ Fortify Rights သည် SUHAKAM၏ဆက်လက် စုံစမ်းထောက်လှမ်း နေခြင်းများတွင် ပူးပေါင်းလုပ် ဆောင်နေပါသည်။

"ရိုဟင်ဂျာထောင်ပေါင်းများစွာ မလေးရှားနိုင်ငံထဲကို လူကုန်ကူးခံနေရတဲ့အပေါ် တာဝန်ယူဖြေရှင်းပေးတာနည်းနည်းဘဲ ကျွန်မတို့ တွေ့ ရတယ်" ဟု Amy Smith မှ ပြောခဲ့ပါသည်။ "လူကုန်ကူးတဲ့သူတွေ အပြစ်ဒဏ်မခံရတာနဲ့ ပတ်သက်ပြီး အရေးပေါ် အရေးယူတာလုပ်ရမယ် ပြီးတော့ သူတို့ ဆီကလွတ်လာတဲ့သူတွေကို ကာကွယ်ပေးဖို့ သေသေချာချာလုပ်ရမယ်"

## FORTIFY RIGHTS အကြောင်း

Fortify Rightsသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို တားဆီးပြီး ဖြစ်သင့်ရသင့်သောအရာများအတွက် တရား ဥပဒေနည်း အ အရလုပ်ဆောင်ပေးသောအဖွဲ့ အစည်းဖြစ်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် ညှင်းပန်းနှိပ်စက်ခြင်းများကို မှတ်တမ်းတင်ခြင်း ၊ အထူးတည်ထွင်ထားသည့်နည်းပညာစနစ်ဖြင့် လူ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အထောက်အကူပေးခြင်း နှင့် ရလဒ်အဖြေများရရှိရန်သတင်းစာရှင်းလင်းပွဲများပြုလုပ်ပါသည်။ ကျွန်ုပ်တို့ သည် Switzerlandနှင့်အမေရိကန်ပြည်ထောင်စု တွင် မှတ်ပုံတင်ကာ အရှေ့ တောင် အာရှတွင် အခြေချသော လွတ်လပ်စွာရပ်တည်နေသည့် အကျိုးအမြတ်ရရှိရန်အတွက်မဟုတ်သော အ အစိုးရမဟုတ်သည့်အဖွဲ့ အစည်း ဖြစ်ပါသည်။